# ၁၄၆ ငါ့ကို မင်းတို့ ကူညီပေးနေတာ

(မဿဲ ၂၅:၃၄-၄၀)

၁။ ခရစ်တော်သတို့သမီး၊ ဘိသိက်ခံညီတို့နဲ့
  ခရစ်တော်ရဲ့ အခြားသိုး တွဲအမှုဆောင်နေ။
သူတို့ကို ကူညီဖို့
  အခြားသိုး လုပ်သမျှ၊
ပြန်ကျေးဇူးဆပ်ပေးရမယ် ယေရှု မှတ်ယူ။

***(ထပ်ကျော့ပိုဒ်)***

*“သူတို့အား နှစ်သိမ့်ပေး၊ ဝေမျှပေးတာက၊*
  *မင်းတို့ ငါ့အား နှစ်သိမ့် ဝေမျှပေးတာပါ။*
*သူတို့အတွက် လုပ်ပေးတာ ငါ့အတွက် လုပ်တာဖြစ်။*
  *သူတို့ကိုကူညီ၊ ဝေမျှပေးတာက၊*
*မင်းတို့ ငါ့အား ကူညီ ဝေမျှပေးတာပါ။”*

၂။ “ဗိုက်ဆာငတ်မွတ်ချိန်မှာ၊ မင်းတို့ ငါ့ကို မစ။
  ငါလိုအပ်တိုင်း အရင်ဆုံး မင်းတို့ရောက်လာမြဲ။”
“ဘယ်တုန်းက လုပ်ပေးဖူးလဲ”
  သူတို့ မေးကြတော့။
အကြောင်းရင်းကို မင်းကြီး ခုလို ပြန်ပြောမှာ—

***(ထပ်ကျော့ပိုဒ်)***

၃။ “ငါ့ညီတို့နဲ့ လက်တွဲ၊ ဟောပြော ကောင်းမှုပြုရင်း၊
  ငါ့ပေါ် သစ္စာစောင့်ကြောင်း၊ မင်းတို့ပြနေကြ။”
ဒါကြောင့် လက်ယာဘက်က
  သိုးတို့ကို မင်းကြီးပြော—
“မြေကြီးနဲ့ အသက်ကို လာအမွေခံကြ။”

***(ထပ်ကျော့ပိုဒ်)***

(သု. ၁၉:၁၇; မ. ၁၀:၄၀-၄၂; ၂ တိ. ၁:၁၆၊ ၁၇ တို့ကိုလည်းကြည့်ပါ။)

*snylpnw*-BU No. 146 12/15
© 2015 Watch Tower Bible and Tract Society of Pennsylvania